**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ**

**"ထုတ်ပြန်ကြေညာချက်"**

**၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်**

**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) မှ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးပြီးပါကြောင်းထုတ်ပြန်ကြေညာခြင်း။**

၁။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) မှ ယနေ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့ နေပြည်တော်၌ကျင်းပသည့် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement - NCA) အား နိုင်ငံတော် အစိုးရအဖွဲ့၊ တပ်မတော်၊ လက်နက်ကိုင်တိုင်းရင်းသားတော်လှန်အဖွဲ့အစည်း (၇) ဖွဲ့နှင့် အတူ ပြည် တွင်း ပြည်ပမှအသိသက်သေများ ရှေ့မှောက်တွင်ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး၊ သျှမ်းပြည်နေရာဒေသ အသီးသီး မှ မိမိတို့၏ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် (RCSS/SSA) ၏ တပ်ဖွဲ့ဝင် များအားလုံးသိရှိနိုင်စေရန်လည်း အမိန့်ကြေညာချက်ထုတ်ပြန်ပေးပြီးဖြစ်သည်။ ထို့အတူ အစိုးရနှင့် တပ်မတော်မှလည်း လက်အောက်တပ်ဖွဲ့ဝင်အားလုံးသိရှိနိုင်စေရန် အမိန့်ကြေညာချက်ထုတ်ပြန်သွားမည် ဟုယုံကြည်မျှော်လင့်ပါသည်။

၂။ ပင်လုံကတိကဝတ်များအပေါ်တွင်အခြေခံသော အခွင့်အရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအားတည်ထောင်နိုင်ရန်နှင့် စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေး အားဖေါ်ဆောင်နိုင်ရန်အတွက် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement-NCA) ပါအချက်အလက်များအား ဆက်လက်အကောင်အထည်ဖေါ် ဆောင်ရွက်သွားနိုင်ရေး အတွက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA) မှ ငြိမ်းချမ်းရေးဖေါ်ဆောင်ရေး ကြီးကြပ်စောင့်ကြည့်ရေးပူးတွဲကော်မတီ အဖွဲ့အပါအဝင် ကော်မတီအသီးသီးဖွဲ့စည်းကာ ကိုယ်စားလှယ်အဖွဲ့အား ဆက်လက်တာဝန်ပေးပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယခုအချိန်မှစ၍မိမိတို့သျှမ်းပြည်တပ်မတော်နှင့် တပ်မတော်စစ်တပ်များ အကြား ထိတွေ့တိုက်ခိုက်မှုတိုက်ပွဲများထပ်မံဖြစ်ပွားတော့မည်မဟုတ်ကြောင်း ယုံကြည်ထားသည်။

၃။ တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA) အား လက်မှတ် မရေးထိုးရသေးသောကျန်အဖွဲ့အစည်းများနှင့် တပ်မတော်အကြား တိုက်ပွဲများမဖြစ်ပေါ်စေရန် အစိုးရမှ သဘောထားကြီးမားစွာထားပြီး ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြပါရန်တောင်းဆိုအပ်ပါသည်။

၄။ သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) သည် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement-NCA) ရေးဆွဲ ရာတွင်ပူးပေါင်းပါဝင်ရေးဆွဲလာသည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် တပ်မတော် စစ်တပ်များအကြားဖြစ်ပွားနေသောတိုက်ပွဲများအား သဘောထားကြီးမားစွာထားပြီး အစိုးရမှရပ်တန့်ပေးပါရန်နှင့် အပြန်အလှန်ဆွေးနွေးသွားကြပါရန် အစိုးရ ထံလေးနက်စွာတောင်းဆိုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ